ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ( ၁၈ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်

အကြောင်းအရာ။ **Myanmar Tradenet 2.0 စနစ်စတင်မည့် (၁-၁၁-၂၀၂၀) ရက်နေ့မှစ၍ ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် National Single Window အထောက်အကူပြုစနစ်ဖြစ်စေရန် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် ကုန်သွယ်မှုဆက်စပ်ဌာနများကြား တူညီသည့်အချက်များအား Single Entry အဖြစ်ဆောင်ရွက်နိုင်စေရန်၊ ထောက်ခံချက်ပေးသည့်လုပ်ငန်းများအပါအဝင် လိုင်စင်စနစ်နှင့်ဆက်စပ်လုပ်ငန်းများအား Online အသုံးပြု၍ ဆောင်ရွက်နိုင်စေရန်အတွက် Myanmar Tradenet 2.0 စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ အဆင့်လိုက် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပထမအဆင့်အနေဖြင့် Myanmar Tradenet Member လျှောက်ထားခြင်းလုပ်ငန်းစဉ်အားစတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ဆက်စပ်လုပ်ငန်းများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Myanmar Tradenet 2.0 စနစ် စတင်သည့်နေ့မှစ၍ Myanmar Tradenet 2.0 စနစ်အပါအဝင် Online စနစ်များအားလုံးတွင် ကောက်ခံလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်ခနှုန်းထားများအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ ပူးတွဲပါသတ်မှတ်ချက်များအတိုင်း ပေးသွင်းရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၄။ ကျန်ကုန်သွယ်မှုဆိုင်ရာ ကောက်ခံသည့်နှုန်းထားများနှင့်ပတ်သက်၍ ပြောင်းလဲမှုမရှိကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

ပူးတွဲ

## ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၁) ရက်နေ့မှစ၍ Myanmar Tradenet 2.0 စနစ်အပါအဝင် Online စနစ်အားလုံးတွင် ပြောင်းလဲကောက်ခံသွားမည့် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်ခနှုန်းထားများ

| စဉ် | ခေါင်းစဉ် | လက်ရှိကောက်ခံမှု | ပြောင်းလဲကောက်ခံမှု |
|---|---|---|---|
| (က) | Tradenet 2.0 စနစ်အသုံးပြုမှုနှစ်စဉ်ကြေး | ၁၃၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |
| (ခ) | Online ဝန်ဆောင်မှု | ၂၅၀၀ ကျပ် | ၃၀၀၀ ကျပ် |
| (ဂ) | ပို့ကုန် လိုင်စင်/ ပါမစ် သက်တမ်းတိုးခြင်း/ပြင်ဆင်ခြင်း ဒဏ်ကြေး | (၈) ရက်မှ (၁) လအတွင်း ၅၀၀ ကျပ် | သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ (၁) လအတွင်း – ၅၀၀၀ ကျပ် |
| | | (၁) လကျော် – ၅၀၀၀ ကျပ် | သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ (၁) လနှင့်အထက် – ၁၀၀၀၀ ကျပ် |
| (ဃ) | သွင်းကုန် လိုင်စင်/ ပါမစ်/ သက်တမ်းတိုးခြင်း/ပြင်ဆင်ခြင်း/ပြန်လည်အပ်နှံခြင်း ဒဏ်ကြေး | (၈) ရက်မှ (၁) လအတွင်း ၅၀၀ ကျပ် | သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ (၁) လ အတွင်း –၅၀၀၀ ကျပ် |
| | | (၁) လကျော် – ၅၀၀၀ ကျပ် | သက်တမ်းကုန်ဆုံးသည့် ရက်မှ စ၍ (၁) လနှင့်အထက် – ၁၀၀၀၀ ကျပ် |